ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၂ - ၂၀၂၃ ခု ဘဏ္ဍာရေးနှစ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

ကျုံဘိုင်းကျေးရွာအုပ်စု၊ နောင်လီကျေးရွာ၊ ကော့ကရိတ်မြို့နယ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ကျုံဘိုင်းကျေးရွာအုပ်စု၊ နောင်လီကျေးရွာ

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ


## မာတိကာ


| စဉ် | အကြောင်းအရာ |
| --- | --- |
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ<br>၄.၁။ကျေးရွာသမိုင်းကြောင်း။<br>၄.၂။ကျေးရွာရှိအိမ်ခြေအိမ်ထောင်းစုနှင့်လူဦးရေ။<br>၄.၃။တိုင်းရင်းသားလူမျိုးစုများဦးရေ<br>၄.၄။ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်<br>၄.၅။အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ<br>၄.၆။အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။<br>၄.၇။ပိုင်ဆိုင်မှုမြေဧရိယာနှင့်သဘာဝသယံဇာတများ။<br>၄.၈။အခြားသတင်းအချက်အလက်များ။ |
| ၅။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြစ်ခြင်းလုပ်ငန်<br>းစဉ်အကျဉ်းချုပ်။ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool<br>တစ်ခုချင်းစီး၏မှတ်တမ်းဓာတ်ပုံများ<br>၆.၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)<br>၆.၂။ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)<br>၆.၃။ဥစ္စာနေကြွယ်ဝမှုအဆင့် (Wealth Ranking)<br>၆.၄။ပင့်ကူအိမ် (ကျား–မရေးရာ) (Spider Diagram)<br>၆.၅။ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)<br>၆.၆။အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool |


၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

| | |
|---|---|
| | တစ်ခုချင်းစီး၏ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။ |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။ |
| ၉။ | ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များစာရင်း။ |
| ၁၀။ | ကျေးရွာအချက်အလက်ပုံစံ-၁ (PC – 1) |
| ၁၁။ | ကျေးရွာအချက်အလက်ပုံစံ-၃ (PC – 3) |
| ၁၂။ | အစည်းအဝေးမှတ်တမ်းများ |
| ၁၃။ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအစီအစဉ် |

# ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ကျုံဘိုင်းကျေးရွာအုပ်စု)




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | သုံးအိမ်စု | ၄၃ | ၁၄၅ | ၁၆၁ | ၃၀၆ |
| ၂ | ကော့ဝါးဘို | ၅၆ | ၂၀၈ | ၂၄၉ | ၄၅၇ |
| ၃ | ကော့သာဆူး | ၇၆ | ၂၉၉ | ၂၈၉ | ၅၈၈ |
| ၄ | ညောင်ကုန်း | ၂၇ | ၈၆ | ၈၆ | ၁၇၂ |
| ၅ | နောင်လီ | ၁၀၂ | ၃၅၆ | ၃၉၇ | ၇၅၃ |
| ၆ | နိုင်းခလောင် | ၁၄၅ | ၅၁၄ | ၅၀၈ | ၁၀၂၂ |
| ၇ | ကော့ဒိုင် | ၈၈ | ၃၁၅ | ၃၂၉ | ၆၄၄ |
| ၈ | ကော့ဒေးချိန် | ၁၆၁ | ၅၅၀ | ၅၅၆ | ၁၁၀၆ |
| ၉ | ကြာအင်းစု | ၁၂၃ | ၄၉၂ | ၄၈၇ | ၉၇၉ |

## ၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

### ၄.၁။ ကျေးရွာသမိုင်းကြောင်း။

နောင်လီကျေးရွာသည် အင်းအိုင်အသစ်မရှိ အဟောင်းများနေလို့ ကရင်ခေါ် (နွံးလီ) ဗမာအခေါ် (အင်းဟောင်း) ယခုအချိန်အခေါ်အဝေါ်အရ နောင်လီရွာဟု ခေါ်တွင်နေကြသည်။ နောင်လီကျေးရွာတွင် ဒီအင်းသာမကဘဲ ကျုံဘိုင်းတောင်တန်း အနောက်ဘက်စွန်းတွင် ကျောက်တောင်လိုဏ်ဂူရှိပါသည်။ ၎င်းကျောက်တောင်လိုဏ်ဂူသည် သမိုင်းဝင်လိုဏ်ဂူ ဖြစ်ပါ

သည်။ ရွာတည်စဉ်က အိမ်ခြေ (၈) လုံးမျှသာ တည်ရှိခဲ့သည်။ ဘိုးဘွားတွေဆိုစကားအရ ယင်းလှိုဏ်ဂူအတွင်းတွင် အင်းတစ်ခုရှိသည်။ အင်းအတွင်း ငါးများပေါများသည့်အတွက် ရွာမှာရှိတဲ တံငါသည်များနှင့် အခြားရွာမှလာသောတံငါသည်တွေက ငါးလာရှာလျှင် ကျောက်တွေ သယ်ဆောင်လာကြသည်။ တံငါသည်များပြန်သွားသောအခါ ၎င်းကျောက်တွေကို ယူသွားရန် မေ့သွားသည့်အတွက် ကျန်ရစ်သောကျောက်တုံးများ တစတစ များလာပြီး အင်းတွေကို အုပ်လိုက်သည်။ ယခုအချိန်မှာတော့ ဂူအတွင်းကငါးများကို ဘေးမဲ့ငါးများအဖြစ် ထားရှိလိုက်သည်။

နောင်လီကျေးရွာတွင် လွန်ခဲ့သောနှစ်(၆၀) ခန့်က ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ စတင်တည်ရှိခဲ့သည်။ တစ်ရွာနှင့်တစ်ရွာ သွားလာရာတွင် လမ်းမကြီးမရှိသည့်အတွက် လယ်ကွက်ထဲတွင်ရှိသော ကဇင်းရိုးကိုလျှောက်ပြီး သွားလာနေရပါသည်။ ကောင်စီခေတ် အရောက်တွင် ရေမြောင်းသစ်နှင့် တံတားပြန်ပြုပြင်ခဲ့သည့်အတွက် ရွာသူရွာသားများ သွားလာဖို့အတွက် လယ်အတွင်းမှ ကဇင်းရိုးလည်းပါသွားသည်။ ၎င်းခေတ်အပြီးတွင် ရွာသူရွာသားများ၏ကိုယ်ထူကိုယ်ထဖြင့် ကောက်ကွေ့သော လမ်းအူကြောင်းတစ်ခု ပေါ်လာသည်။ ၎င်းမြေနီလမ်းကို ဟိုရွှေ ဒီရွှေ့ဖြင့် လမ်းဖြောင့်ပေါ်လာသည်အတွက် ရွာသူရွာသားများက စိတ်ပါဝင်စားလာပြီး လမ်းတိုးချဲခြင်သောစေတနာများဖြစ်ပေါ်လာသည်။ ယခုအချိန် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပြီးဖြစ်သော်လည်း မြေနီလမ်းအတိုင်းသာ ရှိသေးသည်။

ကော်သူလေခေတ်တွင် စာသင်ကျောင်းကို အစိုးရမူလတန်းကျောင်းအဖြစ် ထားရှိလိုက်သည်။ အဲဒီအချိန်မှာ ဖြတ်လေးဖြတ်ခေတ် မေးသုံးချက်နှင့် အိမ်ထောင်သည်တွေကို ဟိုပြောင်းဒီပြောင်း အကောက်ခွန်လည်းများ လုပ်အားပေးများသည့်အတွက် အိမ်ခြေလည်း တိုးမလာနိုင်ပါ။ နောက်ပိုင်း အခြေခံပညာမူလတန်းကျောင်းအဖြစ်ပြောင်းလဲလာပြီးတော့ တဖြည်းဖြည်းနှင့် ငြိမ်သက်လာသည်။ နောက် ပြည်တွင်းပြည်ပ အထောက်အပံ့ အဖွဲ့အစည်း တွေလည်း ပူးပေါင်းလာပြီး ၂၀၀၇ ခုနှစ်မှာ မူကြိုစာသင်ကျောင်းတစ်ကျောင်းနှင့် မြေသားလမ်း တွေလည်း ရရှိခဲ့ပါသည်။

၂၀၁၈ အရောက်တွင် နောင်လီကျေးရွာသည် အတော်ပင်တိုးတက်လာပြီမို့ သာယာသော ရွာကလေးတစ်ရွာဖြစ်လာခဲ့ပါသည်။

## ၄.၂။ ကျေးရွာရှိအိမ်ခြေ၊အိမ်ထောင်းစုနှင့်လူဦးရေ။

နောင်လီကျေးရွာတွင် အိမ်ထောင်စု (၁၀၂)စု ရှိပါသည်။ ကျေးရွာအတွင်း နေထိုင်သော လူဦးရေမှာအမျိုးသား (၃၅၆)ဦး၊အမျိုးသမီး (၃၉၇)ဦး၊စုစုပေါင်း (၇၅၃)ဦးရှိပါသည်။ ယခု အိမ်ထောင်စုနှင့် လူဦးရေစာရင်းမှာ ၂၀၂၀ခုနှစ်၊ မတ်လတွင် ကောက်ယူထားသော စာရင်း ဖြစ်ပါသည်။

## ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

နောင်လီကျေးရွာတွင်နေထိုင်းသော တိုင်းရင်းသားလူမျိုးစုမှာ ကရင်လူမျိုးဖြစ်ပါသည်။

ကရင်လူမျိုးအိမ်ထောင်စု (၁၀၂)စုတွင် အမျိုးသား (၃၅၆)ဦးနှင့် အမျိုးသမီး (၃၉၇)ဦး၊ စုစုပေါင်း (၇၅၃)ဦး ရှိပါသည်။

၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

နောင်လီကျေးရွာကျေးရွာတွင် သက်ကြီးရွယ်အို (၆၅နှစ်နှင့်အထက်) (၂၇) ဦး၊ မသန်စွမ်း ( ၂ ) ဦး တို့ရှိပါသည်။

၄.၅။ အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ

နောင်လီကျေးရွာတွင် မူကြိုကျောင်း (၁)ကျောင်း၊ မူလတန်းကျောင်း (၁)ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်း၊ စေတီတို့ရှိပါသည်။

၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။

ရွာသူ/သားများ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် လယ်စိုက်ပျိုးလုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများ ဖြစ်ပါသည်။

၄.၇။ ပိုင်ဆိုင်မှုမြေရေယာနှင့်သဘာဝသယံဇာတများ။

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစား အိမ်ဆိုင်များ၊ ထော်လာဂျီ၊ အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွားတို့ ရှိပါသည်။

၄.၈။ အခြားသတင်းအချက်အလက်များ။

အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး/နာရေး အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့တို့သည် ကျေးရွာတွင်းတည်ရှိသော အဖွဲ့အစည်းများ ဖြစ်ပါသည်။

ကျေးရွာပြင်ပရှိအဖွဲ့အစည်းများ၊ ဌာနများနှင့်လည်းချိတ်ဆက်မှုရှိပါသည်။ Phase– M၊ ရဲစခန်း၊ DRDတို့နှင့် ချိတ်ဆက်ပါသည်။


၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြစ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်။

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၁၉ | ၄၃ | ၆၂ | စိုက်ပျိုးရေးလုပ်ငန်း၊ နိုင်ငံခြား (ထိုင်း) ရွှေ့ပြောင်းလုပ်ကိုင်သူများခြင်း။ |
| ၂ | ရာသီခွင်ပြ – ပြက္ခဒိန် | ၁၉ | ၄၃ | ၆၂ | မွေးမြူရေးလုပ်ငန်း၊ ဝင်ငွေနည်းပါးခြင်း၊ သောက်သုံးရေရှားပါး |

| | | | | | |
|---|---|---|---|---|---|
| | | | | | ခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပွဲတော်ရက်များ။ |
| ၃ | ဥစ္စာခနေကြွယ်ဝမှုအဆင့် | ၁၉ | ၄၃ | ၆၂ | အဆင်မပြေသောအိမ်ထောင်စု (၂၆)စု၊အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ ပညာရေး။။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | ၁၉ | ၄၃ | ၆၂ | ပညာတတ်မြောက်မှု၊ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အမျိုးသမီးများဝင်ငွေရအလုပ်အကိုင် မရှိခြင်း၊ ကျန်းမာရေး။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၉ | ၄၃ | ၆၂ | အပ်ချုပ်စက်အမျိုးသမီးများသုံးစွဲမှုများသည်။ လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ မြက်ရိတ်စက်၊ စက်တပ်လှေ၊အမျိုးသားများသုံးစွဲမှုများသည်။ဆိုင်ကယ်၊ကား၊ရေတွင်း၊ ဘုန်းကြီးကျောင်း၊ လယ်၊ နွားတို့ကိုအမျိုးသား၊ အမျိုးသမီးတို့က သုံးစွဲကြသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | ၁၉ | ၄၃ | ၆၂ | ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့မှ ဩဇာလွှမ်းမိုး၊ ကျေးရွာပြင်ပတွင် ရဲစခန်း၊ DRDနှင့် NGOအဖွဲ့မှ Phase-M တို့ကလွှမ်းမိုးမှုများသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ

### ၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)



**၆.၂။ ရာသီခွင်ပြ – ပြကဒိန် (Seasonal Calendar)**

အုပ်စု – ကျုံ့ဘိုင်း

ကျေးရွာ - နောင်တော်

# ရာသီဥတုပြ ပြက္ခဒိန်

မြို့နယ် - ကော့ကရိတ်

ရက်စွဲ - 16.3.2020

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတုအခြေအနေ | | | | | | | | | | | | |
| ကျန်းမာရေး | ကောင်း | ဝမ်းလျှော ရောဂါ | ဝမ်းလျှော ရောဂါ | ဝမ်းလျှော | ဝမ်းလျှော | နှာစေး ချောင်းဆိုး | နှာစေး ချောင်းဆိုး | နှာစေး ချောင်းဆိုး | – | – | – | – |
| ပွဲလမ်းသဘင် | – | – | – | – | – | – | – | ကထိန်ပွဲ | – | – | – | ရှင်ပြုပွဲ၊ဘုရားပွဲ |
| အသက်မွေးဝမ်းကျောင်း | ထင်းခုတ် ပိုက်ချထောင် တံငါလုပ်ငန်း | သီးပင်စား ပင်စိုက် တံငါလုပ်ငန်း | ယာသီးနှံ ပျိုးကျဲ တံငါလုပ်ငန်း | စပါးစိုက် | ပျိုးကျဲ စပါးစိုက် | စပါးစိုက် | စပါးစိုက် စပါးရိတ် တံငါလုပ်ငန်း | စပါးရိတ် တံငါလုပ်ငန်း | စပါးရိတ် တံငါလုပ်ငန်း | | – | – |
| ဝင်ငွေ / ထွက်ငွေ | ● / ●●●● | ● / ●●●● | ●● / ●●●● | ● / ●●●● | ● / ●●●● | ● / ●●●● | ● / ●●●● | ●● / ●●● | ●●● / ●●● | ●●● / ●●● | ●●● / ●●● | ● / ●●●● |
| ရေရရှိမှု | | | | | | | | | | | | |
| သဘာဝဘေးအန္တရာယ် | မီးဘေး အန္တရာယ် | – | – | ချောင်းရေ မိုးရေကြီး ခြင်း | ချောင်းရေ မိုးရေကြီး ခြင်း | ချောင်းရေ မိုးရေကြီး ခြင်း | – | – | – | – | – | – |
| အားလပ်ချိန် | /// | // | / | / | / | / | / | // | / | / | // | /// |

ပါဝင်ဆွေးနွေးသူ = ကျား (19) + မ (43) = 62

## ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)

အုပ်စု - ကျုံဘိုင်း

ကျေးရွာ - ဆော့ဝါဒီ

ဥစ္စာဓနကြွယ်ဝမှုပြဇယား


မြို့နယ် - ကော့ကရိတ်

ရက်စွဲ - 16.3.2020


| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင့်မြင့်သောအိမ်ထောင်စု | ယာ (၁၀) ဧက၊ တိုက်အိမ်၊ လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ကား၊ ဆိုင်ကယ်၊ TV | 6 | 5.88% |
| အလယ်အလတ်ရှိသောအိမ်ထောင်စု | ယာ (၇-၁၀) ဧက၊ ပျဉ်ထောင်အိမ်၊ ရေစုပ်စက်၊ ဈေးဆိုင်၊ ဆိုင်ကယ်၊ TV | 45 | 44.11% |
| အဆင့်မပြေသောအိမ်ထောင်စု | ယာ (၁ဧက-၂ဧက)၊ သစ်အိမ်၊ ရေစုပ်စက်၊ ယာလုပ်ငန်း၊ ဆိုင်ကယ်၊ TV | 25 | 24.50% |
| အလွန်အဆင့်မပြေသောအိမ်ထောင်စု | မြေယာမရှိ၊ သစ်အိမ်၊ နေ့စား၊ ကျပန်း | 26 | 25.49% |

ပါဝင်ဆွေးနွေးသူ = ကျား (19) + မ (43) = 62


**၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)**



## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



### ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)




## ၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်ရလဒ်များ |
|---|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | -လယ်ယာ၊ တံငါ၊ မွေးမြူရေးတို့ကို မှီခိုပြီး အ |

| | | |
|---|---|---|
| | | သက်မွေးဝမ်းကြောင်းပြုကြသည်။<br>-သောက်သုံးရေဖုံလုံပြီး စိုက်ပျိုးမှုနည်းပါသည်။<br>-လွန်ခဲ့သော (၅)နှစ်တာတွင် ကျွဲ၊ နွား၊ လယ်ယာ၊ သစ်တောများ၊ သား/ငါး အရင်းအမြစ်များ လျော့နည်းလာသည်။<br>-မည်သည့်အုပ်စုက သီးခြားနေထိုင်မှု မရှိပါ။<br>-တစ်ရွာလုံး ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူ များပြားသည်။<br>တိုးတက်ရန်လိုအပ်သောအချက်များ<br>-<br>ဆက်သွယ်ရေးကောင်းမွန်ရန်၊(လမ်း၊တံတား)<br>-မူကြိုကျောင်းရရှိရန်။<br>-မူလတန်းကျောင်း အုတ်တံတိုင်းရရှိရေး။<br>-လျှပ်စစ်မီးရရှိရန်။ (ဆိုလာ) |
| ၂ | ရာသီစွင်ပြ – ပြက္ကဒိန် | -လယ်ယာ၊ တပိုင်တနိုင်စိုက်ပျိုးရေးကို လုပ်ကိုင်ကြပြီး အခြားဝင်ငွေရသော လုပ်ငန်းမှာ တံငါလုပ်ငန်းဖြစ်သည်။<br>-အိမ်ခြေ(၄၀)မှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြပြီး အိမ်ခြေ(၁၀)မှာ တပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည်။<br>-ဝင်ငွေရရှိသော လုပ်ငန်းအဖြစ် လယ်ယာလုပ်ကိုင်ရာတွင် အမျိုးသား/သမီး လုပ်အားခ (၅၀၀၀)ကျပ် တန်းတူပေးချေကြသည်။အခြားဝင်ငွေရရှိသော အလုပ်မှာ ထင်းခုတ်သည့် အလုပ်ကို တပေါင်း/တန်ခူးလတွင် လုပ်ကိုင်ကြသည်။<br>-လယ်ယာလုပ်ငန်းမှအပ အခြားလုပ်ငန်းများအတွက် ဝင်ငွေရရှိမှု မလုံလောက်ပေ။<br>-မိုးရာသီ၌ ရာသီဥတုဖောက်ပြန်မှုကြောင့် ရေကြီးခြင်း၊ လယ်များရေမြုပ်ခြင်းကို ဖြစ်ပေါ်လျှက် ရှိသည်။<br>-ဝါဆို၊ ဝါခေါင်၊ တော်သလင်းလတွင်သာ |

| | | |
|---|---|---|
| | | သောက်သုံးရေလုံလောက်စွာ ရရှိပြီး တပေါင်း၊ တန်ခူးလတွင် ရေရှားပါးသည့် အခက်အခဲကြုံတွေ့လျှက်ရှိသည်။<br>-ဝင်ငွေလုံလောက်မှုမရှိသည့်အတွက် ပြည်ပနိုင်ငံဖြစ်သော ယိုးဒယားသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည်။<br>-အမျိုးသမီးဝင်ငွေရသောအလုပ်မှာ လယ်ယာစိုက်ပျိုးရေးအလုပ်သာဖြစ်၍ အမျိုးသားများမှ အခြားသော လက်မှုပညာများဖြင့် အသက်မွေး ဝမ်းကြောင်းကို လုပ်ကိုင်ကြသည်။<br>-အမျိုးသမီး/သားများသည် လယ်ယာစိုက်ပျိုးရေးအလုပ်၌ တန်းတူလုပ်အားခရရှိပြီး ကျန်သောလက်မှုပညာ၊ အတတ်ပညာနှင့်ပြုလုပ်သည့်အပိုင်းတွင် အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ လုပ်အားခနည်းနေသည်ကို တွေ့ရှိရသည်ကို ဆွေးနွေးခဲ့သည်။ |
| ၃ | ဥစ္စာခနေကြွယ်ဝမှုအဆင့် | -ကျေးရွာတွင် အလွန်အဆင်မပြေသော အိမ်ထောင်စုမှာ ( ၂၆ )စု ရှိ။<br>-အလွန်အဆင်မပြေရခြင်း အကြောင်းမှာ နေ့စား၊ ကျဘမ်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြပြီး ပုံမှန်ဝင်ငွေမရရှိခြင်း၊ ကလေးသူငယ်များအားကျောင်းမထားနိုင်ခြင်း။<br>-အစီအစဉ်ရေးဆွဲရာတွင် ဆင်းရဲနွမ်းပါးသူ၏ အားလပ်ချိန်တွင် အစီအစဉ်ရေးဆွဲပြီး သူတို့တင်ပြသော လိုအပ်ချက်ကို အဓိကထားပြီး တလေးတစားနားထောင်ကာ စဉ်းစားပေးခြင်း။<br>-လုပ်ငန်းအကောင်အထည်ဖော်ရာတွင် မိသားစုစားဝတ်နေရေး ပြေလည်စေရန်အတွက် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိလာမည်။<br>-ကျေးရွာဆေးပေးခန်းမရှိသဖြင့် အဆင်မပြေတဲ့မိသားစုများအတွက် အရေးကြီး အရေးပေါ်ကိစ္စပေါ်ပေါက်လာပါက အခက်အခဲဖြစ်ခြင်း၊ |

| | | |
|---|---|---|
| | | ရေကောင်းရေသန့်မရှိခြင်းတို့ကြောင့် အခက်အခဲကြုံတွေ့ရ။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | -ဦးဆောင်နိုင်မှုနှင့် ပူးပေါင်းပါဝင်မှုတို့တွင် အမျိုးသမီးများ အားနည်းသည်။<br>-ပညာရေးကဏ္ဍတွင် အမျိုးသားနှင့် အမျိုးသမီး ညီမျှမှုရှိပြီး အလုပ်အကိုင်အခွင့်အလမ်းတွင် အနည်းငယ်သာ အားနည်းသည်။<br>-အမျိုးသမီးများ၏ဦးဆောင်နိုင်မှုနှင့် ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် အမျိုးသမီးသီးသန့်အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ရပ်ရေးရွာရေးကိစ္စရပ်များတွင်အမျိုးသမီးများအား တက်ကြွစွာ ပူးပေါင်းပါဝင်စေခြင်းဖြင့်အမျိုးသမီးများ၏ စွမ်းဆောင် ရည် မြှင့်တက်လာမည်။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | -အုပ်ချုပ်စက် အမျိုးသမီးများအသုံးပြု/ အမျိုးသမီးများထိန်းချုပ်။<br>-လက်ထွန်စက်၊ ဆန်ကြိတ်စက်ကို အမျိုးသားများအသုံးပြု အမျိုးသားများ ကိုယ်တိုင်ထိန်းချုက်။<br>-လယ်ယာ၊ ရော်ဘာခြံ၊ ဈေးဆိုင်၊ စာသင်ကျောင်းများကို အမျိုးသား/သမီးပူးတဲအသုံးပြုပြီး ပူးတွဲထိန်းချုပ်သည်။<br>-အရင်းအမြစ်များကို ပိုင်ဆိုင်/ထိန်းချုပ်ရာတွင် အမျိုးသား/သမီးတန်းတူဆွေးနွေးခြင်းဖြင့် အရင်းအမြစ်များကို ပူးတွဲပိုင်ဆိုင်/ထိန်းချုပ်နိုင်ပါသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | -စာရင်းထဲတွင် မည်သည့်အဖွဲ့များ မကျန်တော့ပါ။<br>-လူငယ်အဖွဲ့၊ အိုးသူကြီး၊ သာရေး နာရေး၊ ဂေါပကအဖွဲ့သည် ရွာ၏ဘာသာရေးတို့တွင် အဓိကပါဝင်သည်။<br>-အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များသည် အမျိုးသမီးအဖွဲ့များဖြစ်သည်။ |

| | | |
|---|---|---|
| | | -ကျောင်းကော်မတီ၊ ကျေးလက်ကျန်းမာရေး အဖွဲ့မှာအမျိုးသားနှင့်အမျိုးသမီးများ ပူးပေါင်းပါဝင်ကာ ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေရရှိရေးတို့ကို အဓိကပါဝင်သည်။<br>-ကျေးရွာတွင်ရာအိမ်မှူးသည်ကျေးရွာအတွင်း အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။<br>-အုပ်ချုပ်ရေးမှူးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း၊ မြို့နယ်ပညာရေးမှူးရုံး၊ ကျေးလက်ဦးစီးဌာနများကို ဆက်သွယ်ဆောင်ရွက်သည်။ |

၈။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းခေတ်ပုံ။





၉။ ကျေးရွာကော်မတီဝင်စာရင်းများ

| စဉ် | အမည် | ကျား မ/ | အသက် | မှတ်ပုံတင်နံပါတ် | ရာထူး |
|---|---|---|---|---|---|
| ၁ | ဦးချစ်မွေး | ကျား | ၆၀ | - | နယက |
| ၂ | ဦးဖားသူ | ကျား | ၅၇ | ၃ကကရ/(နိုင်)၂၁၉၇၂၃ | ဥက္ကဋ္ဌ |
| ၃ | ဒေါ်မစိန်အေး | မ | ၆၀ | ၃/ကကရ(နိုင်၀၅၈၇၅၂ | ဝယ်ယူရေးဥက္ကဋ္ဌ |
| ၄ | ဦးလှထွေး | ကျား | ၄၁ | - | အတွင်းရေးမှူး |
| ၅ | ဒေါ်သင်းကြူ | မ | ၄၆ | - | စာရင်းကိုင် |
| ၆ | ဦးကျော်ပွဲလာ | ကျား | ၄၁ | ၃/ကကရ(နိုင်)၂၂၄၃၄၅ | ဘဏ္ဍာရေးမှူး |
| ၇ | ဦးအောင်ခင် | ကျား | ၅၃ | ၃/ ကကရ(နိုင်)၃၇၈၅၄ | အဖွဲ့ဝင် |
| ၈ | ဒေါ်စန္ဒာဝေ | မ | ၄၅ | - | အဖွဲ့ဝင် |

## ၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၁ (PC – 1)

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင်အမည်<br>ဦးမြသောင်း | ကျေးရွာခေါင်းဆောင်<br>ဖုန်းနံပါတ် ၀၉၇၈၈၈၅၅၃၀၁ | လူထုစည်းရုံးရေးမှူးအမည် –<br>မန်းမျိုးမင်းသန်း |

| | | | |
|---|---|---|---|
| ပြည်နယ် –<br>ကရင် | မြို့နယ်–<br>ကော့ကရိတ် | ကျေးရွာအုပ်စု –<br>ကျုံဘိုင်း | ကျေးရွာ – နောင်လီ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၁၀၂ | ဗုဒ္ဓ | ၁၀၂ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ……………………….. | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၂ |
| သက်ကြီးရွယ်အို (၆၅နှစ်နှင့်အထက်) | ၂၇ |
| စစ်ဘေးရှောင် | – |

| လူဦးရေ | အမျိုးသားအရေ အတွက် | အမျိုးသမီးအရေ အတွက် | စုစုပေါင်းအရေ အတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၃၅၆ | ၃၉၇ | ၇၅၃ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ……………………….. | | | |
| အိမ်ထောင်ဦးစီး | ၈၂ | ၂၀ | ၁၀၂ |

### ခ။ အခြေခံအဆောက်အအုံအသုံးအဆောင်များ

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | √ |

| | | | | | |
|---|---|---|---|---|---|
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်း | √ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | √ | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်းသို့အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက်တန်းဆရာ/မ | | | ဆရာဝန် | | | လက်သမား | √ | |
| အလယ်တန်းဆရာ/မ | | | ကျန်းမာရေးမှူး | | | ပန်းရံ | √ | |
| မူလတန်းဆရာ/မ | | √ | ကျန်းမာရေးဆရာမ | | | လျှပ်စစ်ကျွမ်းကျင် | | |
| မူကြိုဆရာ/မ | √ | | သားဖွားဆရာမ | | | ရေပိုက် သွယ် | | |
| အခြား | | | ကျန်းမာရေးလုပ်သား | | | စက်ပြင် | | |

(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသောလမ်းအခြေအနေ

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) ကွန်ကရစ်လမ်း ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား -----------

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၁. လူထုဗဟိုပြုစီမံကိန်းမစတင်မီကျေးရွာတွင်ဖွံ့ဖြိုးရေး စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

၂. ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ? (……)/ မသိပါ

၃. ထိုစီမံချက်ကိုမြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁. ကျေးရွာ၏ဗဟိုမှအုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။ ( ၂ )မိုင်/မသိပါ

၂. ကျေးရွာမှအုပ်စုရွာသို့သွား/လာရာတွင်အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် ၁၅ မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား……………

မိုးရာသီကြာချိန် ၁၅ မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား……………

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးပါသလား?

…….မရှိပါ/ ( √) ရှိပါသည်/ ရှိလျှင်ဖော်ပြပါ (၂၀၁၃ခုနှစ်တွင် မြစ်ရေတောင်ကျရေးကြီးခြင်းကို ဝါခေါင်လတွင်ဖြစ်ပေါ်ပြီး နေထိုင်သည့် နေရာ ပြောင်းရွှေ့ခဲ့ရ)

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှဖွဲ့စည်းထားသောအဖွဲ့များရှိပါသလား?

(၁) ------------------------------------ (၂) ----------------------------------------

(၃) ------------------------------------ (၄) ---------------------------------------
-

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှမှတ်တမ်းတင်ထားခြင်း။

…….မရှိပါ။(√)ရှိပါသည်။

၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3)

| စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် - နန်းစန္ဒာသင်း | | | |
|---|---|---|---|
| နေ့စွဲ - | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ - စက်ဝန်း ၁ (..)။ စက်ဝန်း၂ (..) စက်ဝန်း ၃ (.√.)၊ စက်ဝန်း ၄ (..) | | |
| ပြည်နယ်<br>ကရင် | မြို့နယ်<br>ကော့ကရိတ် | ကျေးရွာအုပ်စု<br>ရန်ကုတ် | ကျေးရွာ<br>နောင်နိုင်း |

(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့်မိုးရာသီတွင် ကလေးများကျောင်းသွားခြင်း၊အရေးပေါ်သွားလာရာတွင် | ကျား … | မ…. | ကျား+မ … √ |

| | | | |
|---|---|---|---|
| နှောင့်နှေးခြင်း၊ | | | |
| ဆေးပေးခန်းမှာရွာကကိုယ်ထူကိုယ်ထဖြင့်ဆောက်ထားပြီး ဆေးသုတ်ရန်နှင့်ကြွေပြားခင်းရန်ကျန်သောကြောင့်ဆေးကုရာတွင်အခက်အခဲဖြစ်ခြင်း။ | ကျား … | မ…. | ကျား+မ … √ |
| စာသင်ကျောင်းတွင်ကျောင်းဆောင်မပြီးစီးခြင်း၊သင်ထောက်ကူပစ္စည်းမလုံလောက်သောကြောင့်ကလေးများပညာသင်ကြားရာတွင်အခက်အခဲဖြစ်ခြင်း။ | ကျား … | မ…. | ကျား+မ … √ |
| ရေကြီးခြင်းကြောင့်စပါးများရေမြုပ်ပြီး ပျက်စီးဆုံးရှုံးခြင်း | ကျား … | မ…. | ကျား+မ √ |
| အလုပ်အကိုင်အခွင့်အလမ်းရှားပါးသောကြောင့်ဝင်ငွေနည်းပါးခြင်း။ | ကျား …√ | မ…. | ကျား+မ … |
| ရွာတွင်ဘောလုံးကွင်းမြေမညီသောကြောင့်ကလေးများဘောလုံးကန်ရာတွင်အခက်အခဲဖြစ်ခြင်း။ | ကျား … | မ…. | ကျား+မ … √ |
| မီးလောင်တိုက်မရှိသောကြောင့်ရွာတွင် အလောင်းမီးရှို့ရာတွင်အခက်အခဲဖြစ်ခြင်း | ကျား …√ | မ…. | ကျား+မ … |
| မူးယစ်ဆေးဝါးလောင်းကစားအန္တရာယ်ကြောင့်ရွာရှိလူငယ်များနှင့်အမျိုးသားများပျက်စီးလာခြင်း။ | ကျား … | မ…. √ | ကျား+မ … |
| လျှပ်စစ်မီးမရှိသောကြောင့်ညဘက်သွားလာရာတွင်အခက်အခဲဖြစ်ခြင်း။ | ကျား … | မ… √. | ကျား+မ … |
| ကျန်းမာရေးဝန်ထမ်းမလုံလောက်ခြင်း၊ဆေးဝါးမလုံလောက်ခြင်းကြောင့် လူနာများအတွက်အခက်အခဲဖြစ်ခြင်း။ | ကျား … | မ…. √ | ကျား+မ … |
| ငွေကြေးအရင်းအနှီးမရှိသောကြောင့်စိုက်ပျိုးရေး၊မွေးမြူရေးအတွက်အခက်အခဲဖြစ်ခြင်း။ | ကျား … | မ…. √ | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |

(ခ) မျှော်မှန်းခြင်း – နောင်လာမည့် ၅ နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလျာထားချက်များ

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီးပညာရေး၊ကျန်းမာရေး၊စီးပွားရေးအတွက်အဆင်မပြေလာစေရန်။ | ကျား … | မ…. | ကျား+မ … √ |
| ဆေးပေးခန်းကောင်းမွန်ပြီးလူနာများအတွက်ပိုမိုအဆင်ပြေ | ကျား | မ…. | ကျား+မ … |

| | | | |
|---|---|---|---|
| လာစေရန် | … | | √ |
| စာသင်ကျောင်းဆောင်ကောင်းမွန်ပြီး သင်ထောက်ကူလုံ လောက်စွာရရှိလျှင်ကလေးများပညာသင်ကြားရာတွင် အခက်အခဲမဖြစ်စေရန်။ | ကျား … | မ…. | ကျား+မ … √ |
| စိုက်ပျိုးရေးနည်းပညာရရှိပြီးစပါးအထွက်တိုးလာစေရန်။ | ကျား … | မ…. | ကျား+မ … √ |
| အလုပ်အကိုင်အခွင့်အလမ်းပေါများလာပြီးဝင်ငွေတိုးလာစေ ရန်။ | ကျား …√ | မ…. | ကျား+မ … |
| ဘောလုံးကွင်းကောင်းမွန်လာပြီးကလေးများဘောလုံးကန် ရာတွင်အဆင်ပြေလာစေရန်။ | ကျား … | မ…. √ | ကျား+မ … |
| မူးယစ်ဆေးဝါးနှင့်လောင်းကစားပပျောက်လာစေရန်။ | ကျား … | မ…. √ | ကျား+မ … |
| လျှပ်စစ်မီးရရှိလာပြီးညဘက်သွားလာရာတွင်အဆင်ပြေလာ စေရန်။ | ကျား … | မ…. √ | ကျား+မ … |
| ကျန်းမာရေးထန်ထမ်းနှင့်ဆေးဝါးလုံလောက်စွာရရှိပြီး လူနာ များအတွက်ပိုမိုအဆင်ပြေလာစေရန်။ | ကျား … | မ… √. | ကျား+မ … |
| ငွေကြေးအရင်းအနှီးရရှိလာပြီး စိုက်ပျိုးရေး၊မွေးမြူရေးအ တွက်အဆင်ပြေလာစေရန်။ | ကျား … | မ… √. | ကျား+မ … |
| မီးလောင်တိုက်ရရှိလာပြီးလူသေလောင်းမီးရှို့ရာတွင်အဆင် ပြေလာစေရန်။ | ကျား …√ | မ…. | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |
| | ကျား … | မ…. | ကျား+မ … |

(ဂ) လူထုစီမံကိန်း၏ နောင်လာမည့် ၄ နှစ်တာအတွက် အကျိုးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| ဦးစားပေး အဆင့် သတ်မှတ် ချက် | ကျေးရွာဖွံ့ဖြိုးရေး အတွက် လုပ်ငန်းအစီအစဉ် များ | အဆိုပြု သူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ | ခန့်မှန်း ကုန် ကျ စရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| | | | | | | | |
| ၁ | ရွာတွင်းကွန်ကရစ် လမ်းခင်းခြင်း | က+မ | လမ်းပန်းဆက် သွယ်ရေး | ၃၀၀၀၀၀၀၀ | ၇၅၂ | ၇၆၂ | ၁၅၁၄ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ရန်ကုတ်နောင်နိုင်းကွန်ကရစ်ခင်းခြင်း | က+မ | လမ်းပန်းဆက်သွယ်ရေး | ၃၀၀၀၀၀၀၀ | ၇၅၂ | ၇၆၂ | ၁၅၁၄ |
| ၃ | မူလတန်းကျောင်းဆောင်ပြုပြင်ခြင်း | က+မ | ပညာရေး | ၃၅၀၀၀၀၀၀ | ၇၅၂ | ၇၆၂ | ၁၅၁၄ |
| ၄ | ဆေးပေးခန်းဆေးသုတ်ခြင်းနှင့်ကြွေပြားခင်းလုပ်ငန်း | က+မ | ကျန်းမာရေး | ၁၅၀၀၀၀၀၀ | ၇၅၂ | ၇၆၂ | ၁၅၁၄ |
| ၅ | သင်္ချိုင်းသွားလမ်းကိုမြေသားလမ်းအဖြစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | က+မ | လမ်းပန်းဆက်သွယ်ရေး | ၂၀၀၀၀၀၀၀ | ၇၅၂ | ၇၆၂ | ၁၅၁၄ |
| ၆ | လျှပ်စစ်မီးရရှိရေး | မ | မီးလင်းရေး | ၈၅၀၀၀၀၀၀ | ၇၅၂ | ၇၆၂ | ၁၅၁၄ |
| ၇ | ဘောလုံးကွင်းပြုပြင်ခြင်းလုပ်ငန်း | က+မ | အခြား | ၈၅၀၀၀၀၀ | ၇၅၂ | ၇၆၂ | ၁၅၁၄ |
| ၈ | မီးလောင်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်း | က | အခြား | ၁၀၀၀၀၀၀၀ | ၇၅၂ | ၇၆၂ | ၁၅၁၄ |
| ၉ | ဆည်မြောင်းငယ်ဆူးဖော်ခြင်းလုပ်ငန်း | က+မ | ဆည်မြောင်း | ၂၅၀၀၀၀၀၀ | ၇၅၂ | ၇၆၂ | ၁၅၁၄ |

## (ဃ) လူထုစီမံကိန်း၏နောင်လာမည့် ၄ နှစ်အအတွက် အကျုံးမဝင်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များ။

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းပေါ်များလာရေး | က+မ | အသက်မွေးဝမ်းကြောင်း |
| ၂ | ကျန်းမာရေးဝန်ထမ်းရရှိရေး | မ | ကျန်းမာရေး |
| ၃ | ငွေကြေးအရင်းအနှီးထောက်ပံ့ရေး | မ | အခြား |
| ၄ | ကျောင်းသုံးပရိဘောဂလုံလောက်စွာရရှိရေး | က+မ | ပညာရေး |
| ၅ | မူးယစ်ဆေးဝါး၊လောင်းကစားအားထိထိရောက်ရောက်အရေးယူစေရေး | မ | အခြား |
| | | | |
| | | | |

# အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာအုပ်စု | = | ကျုံဘိုင်းအုပ်စု |
| ကျေးရွာ | = | နောင်လီကျေးရွာ |
| တက်ရောက်သူဦးရေ | = | ကျား(၃၀)+မ(၂၅)=(၅၅)ဦး |
| နေ့စွဲ | = | ၅.၇.၂၀၂၂ |
| နေရာ | = | ဘုန်းကြီးကျောင်း |
| အစည်းအဝေးခေါင်းစဉ် | = | (ပထမ/ဒုတိယ)အကြိမ်အစည်းအဝေး |
| ဆွေးနွေးသည့်အကြောင်းအရာ။ ပြန်လည်ဆွေးနွေး | | စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများ |

## ပြောပြခြင်း

ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီ စီမံကိန်းဝန်ထမ်းမှ စီမံကိန်းအကြောင်း နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ကျေးရွာလူထုအားအုပ်စု (၂)စုခွဲပြီး ကျေးရွာမြေပုံ၊ ပိုင်ဆိုင်မှု၊ ချမ်းသာကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြဇယား၊ ပင့်ကူအိမ်၊ ယင်းပုံစံများကို အုပ်စုလိုက် ဆွေးနွေးခြင်း၊ ကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ မျှော်မှန်းချက်နှင့် ဦးစားပေး အချက်အခဲများကို အုပ်စုလိုက်ဆွေးနွေးခြင်း၊ကျေးရွာလူထု၏ အခက်အခဲများကို ဖော်ထုတ်ပြီး ပြဿနာသစ်ပင်ရေးဆွဲခြင်း၊ ဝေဖန်အကြံပြုတိုင်ကြားရေးစနစ် အကြောင်း၊ ကျား/မ ကဏ္ဍအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာစေတနာ့ဝန်ထမ်းနှင့် ကော်မတီများ ပြန်လည်ရွေးချယ်ခြင်း ဖြစ်ပါသည်။

## ဆုံးဖြတ်ချက်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်းနှင့် ရည်ရွယ်ချက် များကို ကျေးရွာလူထု များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ကော်မတီဝင်များ ပြန်လည်ဖွဲ့စည်းပြီးနောက် ကျေးရွာလူထုအား အဖွဲ့(၂)ဖွဲ့ခွဲပြီး PRA Tools ပုံစံများကို အားလုံးပူးပေါင်း ပါဝင်၍ ပူးတွဲပါ မှတ်တမ်းများ နှင့်တကွ သဘောတူရွေးချယ် ဆုံးဖြတ်ခဲ့ပါသည်။

ပြုလုပ်သည့်အရာများ ၁။ ကျေးရွာမြေပုံရေးဆွဲခြင်း

၂။ ရာသီခွင်ပြဇယား

၃။ အဖွဲ့အစည်းချိတ်ဆက်မှု

၄။ ဥစ္စာဓနကြွယ်ဝမှုပြဇယား

၅။ ကျား/မပိုင်ဆိုင်မှုပြဇယား

၆။ ပင့်ကူအိမ်ပြဇယား စသည်တို့ကို ရေးဆွဲခဲ့ပါသည်။

ထို့နောက် ကျေးရွာ၏အခက်အခဲကို ပုံစံ(၃)တွင် ဖြည့်သွင်းခဲ့ပါသည်။အခက်အခဲတစ်ခုကို အခြေခံပြီး ပြသနာသစ်ပင်ကိုရေးဆွဲခဲ့ပါသည်။ ရေးဆွဲခဲ့သည့် ပြသနာသစ်ပင်မခက်အခဲများ၏ အကျိုးဆက် နှင့် ရလဒ်များကို ကျေးရွာလူထုများ ပါဝင်ဆွေးနွေးခဲ့ပါသည်။ပြသနာသစ်ပင်ရေးဆွဲပြီးနောက် အစည်းအဝေး တက်ရောက်လာသူများကို ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို ရုတ်သိမ်း ခဲ့ပါသည်။

မှတ်တမ်းတင်သူ

စောဝေယံ၊ ကြီး/ရေး

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအစီအစဉ်

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | စီမံချက်အမည် | အတိုင်းအတာ/ ကြိမ်ရေ/ဦးရေ | ခန့်မှန်းကုန်ကျငွေ (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ကျုံဘိုင်း | နောင်လီ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၅၀၀'x၁၀'x၆" | ၁၁.၀၇ | ၂၀၂၂-၂၀၂၃ VDP |
| | | | မူကြိုကျောင်းပြုပြင်တိုးချဲ့ ခြင်း | | | |
| | | | မူလတန်းကျောင်းလက် တူးတွင်းနှင့်ရေစင်ရရှိရေး | | | |
| | | | လျှပ်စစ်မီး (ဆိုလာ) | | | |
| | | | ကျေးလက်ဆေးပေးခန်း | | | |